**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**

စာအမှတ်၊ စီမံကိန်း/လမ-ဆေးဘက်(ပေါင်းကူး)/၂၀၁၉/၉၄၉
ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ(၂၇ )ရက်

"အမှာစာ"

အကြောင်းအရာ။ **ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ပေါင်းကူး)သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်းကိစ္စ**

ရည်ညွှန်းချက် ။ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်၏ (၉-၉-၂၀၁၉) ရက်စွဲပါ စာအမှတ်။ ၁ဆဘ(ဘ)ဝင်ခွင့်/၂၀၁၉(၁၇၈၂)

၁။ အထက်ရည်ညွှန်းပါစာအရ ၂၀၁၉ ပညာသင်နှစ်၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်တွင် ဖွင့်လှစ်သင်ကြားမည့် ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ (ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ၊ ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့် ပုံရိပ်ဖော်နည်းပညာ) (ပေါင်းကူး) သင်တန်းများသို့ လျှောက်ထားနိုင်ရန်အတွက် ပူးတွဲဖော်ပြပါ အရည်အချင်းသတ်မှတ်ချက်များနှင့် ပြည့်စုံသူများသည် သက်ဆိုင်ရာဌာနအကြီးအကဲ ထောက်ခံချက်ဖြင့် ညွှန်ကြားရေးမှူးချုပ်၊ ကုသရေးဦးစီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့လိပ်မူ၍ (၂၅-၁၀-၂၀၁၉)ရက်နေ့ (၁၆း၃၀)နာရီ နောက်ဆုံးထား လျှောက်ထားနိုင်ပါသည်။

၂။ ကြိုတင်လျှောက်လွှာတစ်စောင်ကို ငွေသွင်းချလံမူရင်းနှင့်တကွ ဆေးဘက်ဆိုင်ရာနည်းပညာ တက္ကသိုလ်၊ ရန်ကုန်သို့ တိုက်ရိုက်ပေးပို့ရပါမည်။

မှတ်ချက်။ (၁) သင်တန်းဝင်ခွင့်ဖြေဆိုရန်အတွက် သတ်မှတ်ထားသော ခွင့်ရက်မပါလုပ်သက် ပြည့်ပြီး လက်ရှိတာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာနအကြီးအကဲ၏ ထောက်ခံချက်ပါရှိရမည်။

(၂) လျှောက်လွှာပိတ်ရက်ကျော်လွန်မှ ရောက်ရှိလာသော လျှောက်လွှာများ/ သက်ဆိုင်ရာဌာနအကြီးအကဲမှတဆင့် ကုသရေးဦးစီးဌာနသို့ လျှောက်ထား ခြင်းမပြုသော လျှောက်လွှာများကိုလည်း စာမေးပွဲဖြေဆို ခွင့်ပြုမည် မဟုတ်ပါ။

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)
(ဒေါက်တာဝင်းရည်မွန်၊ ညွှန်ကြားရေးမှူး)

ဖြန့်ဝေခြင်း-

- ဒုတိယညွှန်ကြားရေးမှူးချုပ်များအားလုံး
- ညွှန်ကြားရေးမှူးများအားလုံး၊ ကုသရေးဦးစီးဌာန (မိမိလက်အောက်ရှိ ဌာနများသို့ထပ်ဆင့် အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်)
- တိုင်းဒေသကြီး/ပြည်နယ်ကုသရေးဦးစီးဌာနမှူးများအားလုံး (မိမိလက်အောက်ရှိဌာနများသို့ ထပ်ဆင့်အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်)
- ဗဟိုအဆင့် ဆေးရုံအုပ်ကြီးများအားလုံး (မိမိလက်အောက်ရှိဌာနများသို့ထပ်ဆင့် အကြောင်း
- ကြားပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်
ရန်ကုန်

စာအမှတ်၊ ၁ဆဘ(ဘ)ဝင်ခွင့်/၂၀၁၉( ၃၈၂ )။
ရက်စွဲ၊ ၂၀၁၉-ခုနှစ်၊ စက်တင်ဘာလ( ၉ )ရက်။

အကြောင်းအရာ။ ။ ၂၀၁၉-ခုနှစ်ပညာသင်နှစ်ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ပေါင်းကူး)သင်တန်းများ အတွက်လျှောက်လွှာခေါ်ယူခြင်း။

၂၀၁၉-ခုနှစ် ပညာသင်နှစ်တွင် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ရန်ကုန်၌ ဖွင့်လှစ်မည့် အောက်ဖော်ပြပါ(ပေါင်းကူး)သင်တန်းများ ဝင်ခွင့်လျှောက်လွှာများကို ခေါ်ယူပြီးဖြစ်ပါ၍ မိမိတို့ဦးစီးဌာနရှိ ဝန်ထမ်းများလျှောက်ထားနိုင်ရေးအတွက် လိုအပ်သလို ဆောင်ရွက်ပေးပါရန် ဝင်ခွင့်လျှောက်လွှာ (၂)စောင်စီကို ဤစာနှင့်အတူ ပူးတွဲ၍ပေးပို့အပ်ပါသည်။ လျှောက်လွှာများကို ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ရန်ကုန်သို့ (၃၁-၁၀-၂၀၁၉)ရက်နေ့(၁၆း၃၀)နာရီ နောက်ဆုံးထားပေးပို့ပါရန် တစ်ပါတည်းအကြောင်းကြားအပ်ပါသည်။

| စဥ် | သင်တန်းအမည် |
|---|---|
| ၁။ | ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ(ပေါင်းကူး)သင်တန်း |
| ၂။ | ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ(ပေါင်းကူး)သင်တန်း |

(ပါမောက္ခဒေါက်တာအေးအေးခင်)
ခေတ္တပါမောက္ခချုပ်
ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ရန်ကုန်

ဖြန့်ဝေခြင်း
၁။ ညွှန်ကြားရေးမှူးချုပ်၊ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊နေပြည်တော်။
၂။ ညွှန်ကြားရေးမှူးချုပ်၊ကုသရေးဦးစီးဌာန၊နေပြည်တော်။
၃။ ညွှန်ကြားရေးမှူးချုပ်၊ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊နေပြည်တော်။

မိတ္တူကို-
၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊နေပြည်တော်။
၂။ ပါမောက္ခ/ဌာနမှူး၊ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာဌာန၊တွဲဖက်ပါမောက္ခ/ဌာနမှူး ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာဌာန။
၃။ ရုံးလက်ခံ။ ၄။ မျှောစာတွဲ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်

စာအမှတ်၊ ၁ဆဘ(ဘ)၂၀၁၉ (၁၇၈၁ )။
ရက်စွဲ၊ ၂၀၁၉ -ခုနှစ်၊ စက်တင်ဘာ လ ( ၉ )ရက်။

ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ (ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ၊ ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)(ပေါင်းကူး)သင်တန်းများ အတွက် လျှောက်လွှာခေါ်ယူခြင်း

၂၀၁၉-ပညာသင်နှစ်တွင် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်၌ ဖွင့်လှစ်မည့် ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ (ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ၊ ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)(ပေါင်းကူး)သင်တန်းများ ဝင်ခွင့်အတွက် အောက်ပါသတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်းများလျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၁။ အရည်အချင်းသတ်မှတ်ချက်

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အနိမ့်ဆုံးအခြေခံပညာအထက်တန်း(က)အဆင့်ဖြင့် အောင်မြင်ပြီးသူဖြစ်ရမည်။

(ဂ) ကုသရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် ဆေးဘက်ကျွမ်းကျင်(၃) (ဓာတ်ခွဲ)၊ (ဓာတ်မှန်) ရာထူးဖြင့် အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်ပြီးသူဖြစ်ရမည်။

(ဃ) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၀)နှစ်ထက် မကြီးသူဖြစ်ရမည်။

(င) သင်တန်းတက်ရောက်အောင်မြင်ပြီးပါက (၃)နှစ် ဆက်တိုက် ဆက်လက် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၂။ လျှောက်လွှာပိတ်ရက်မှာ ( ၃၁ - ၁၀ -၂၀၁၉ )ရက် ( ကြာသပတေးနေ့ ) ဖြစ်ပါသည်။

၃။ ပူးတွဲလျှောက်လွှာပုံစံအတိုင်း ပြည့်စုံစွာဖြည့်စွက်၍ သက်ဆိုင်ရာဌာနအကြီးအမှူးမှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး ကြိုတင်လျှောက်လွှာမိတ္တူ (၁)စောင်ကို ဆေးဘက်ဆိုင်ရာနည်းပညာ တက္ကသိုလ်၊ ရန်ကုန်သို့ မပျက်မကွက် ပေးပို့လျှောက်ထားရမည်။

မှတ်ချက်။ ။(၁) သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးမှတဆင့်လျှောက်ထားရမည် ဖြစ်ပြီးနိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်းသက်ဆိုင်ရာဌာနဝန်ထမ်းအဖွဲ့အစည်းအကြီး အမှူး၏ထောက်ခံချက်ပါရှိရမည်။

(၂) လျှောက်လွှာပိတ်ရက်ထက် နောက်ကျပြီးပေးပို့သော လျှောက်လွှာများ၊ သတ်မှတ်ချက်မပြည့်စုံသောလျှောက်လွှာများ၊ သက်ဆိုင်ရာဌာနအကြီးအမှူးမှတစ်ဆင့်လျှောက်ထားခြင်းမရှိသော လျှောက်လွှာများကို လုံးဝ(လုံးဝ) လက်ခံစဉ်းစားမည်မဟုတ်ပါ။

၄။ လျှောက်လွှာနှင့်အတူ ပေးပို့ရမည့်အချက်များ -

(က) ကိုယ်ရေးရာဇဝင်အပြည့်အစုံ

(ခ) ဝန်ထမ်းစိစစ်ရေးကတ်မိတ္တူနှင့်ဝန်ထမ်းကိုယ်ရေးကတ်မိတ္တူမှန်

(ဂ) အခြေခံပညာအထက်တန်း(သို့)တက္ကသိုလ်ဝင်တန်း(က)အဆင့်အောင်လက်မှတ် (မိတ္တူမှန်)

(ဃ) (၆)လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံတစ်ပုံကို လျှောက်လွှာတွင် ကပ်ပြီး အပို(၂)ပုံ၏ ကျောဘက်တွင် အမည်နှင့်မှတ်ပုံတင်အမှတ် ရေးသားရန်။

(င) လက်ရှိတာဝန်ထမ်းဆောင်နေကြောင်း သက်ဆိုင်ရာဌာနအကြီးအမှူး၏ ထောက်ခံစာမူရင်း

၅။ သင်တန်းဝင်ခွင့်အတွက် ရေးဖြေ/နှုတ်ဖြေစာမေးပွဲများဖြင့် စစ်ဆေးရွေးချယ်ပါမည်။

၆။ ဝင်ခွင့်စာမေးပွဲဖြေဆိုခြင်း

သင်တန်းဝင်ခွင့်အရည်အချင်းစစ် ရေးဖြေစာမေးပွဲကို ( ၁၈- ၁၁ -၂၀၁၉ )ရက် ( တနင်္လာနေ့ )တွင် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်၌ အောက်ဖော်ပြပါအစီအစဉ် အတိုင်းကျင်းပပြုလုပ်မည်။

(သီးခြား အကြောင်းကြားစာပေးပို့မည်မဟုတ်ပါ။)

| စဉ် | စစ်ဆေးမည့်အချိန် | ဘာသာရပ် | မေးခွန်းပုံစံ |
|---|---|---|---|
| ၁ | နံနက်ပိုင်း<br>(၀၉:၀၀)နာရီမှ<br>(၁၁:၀၀)နာရီအထိ | မေးခွန်းလွှာ(၁)<br>Basic Laboratory Techniques<br>Basic Radiography & Anatomy | MCQ |
| ၂ | ညနေပိုင်း<br>(၁၃:၀၀)နာရီမှ<br>(၁၅:၀၀)နာရီအထိ | မေးခွန်းလွှာ(၂)<br>English | Objective Type |

၇။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ( ၁၅- ၁၁- ၂၀၁၉ )ရက်( သောကြာနေ့ ) တွင် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်၌ ထုတ်ပေးမည်။

၈။ လူတွေ့နှုတ်ဖြေစစ်ဆေးမည့်ရက်ကို လူတွေ့နှုတ်ဖြေ ဖြေဆိုခွင့်ရရှိသူများစာရင်း ထုတ်ပြန်ကြေညာသည့် အခါတွင် ဖော်ပြပါမည်။

၉။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခြင်းခံရပြီး သင်တန်းကို ပြီးဆုံးအောင် မတက်ရောက်လျှင်သော်လည်းကောင်း၊ သင်တန်းပြီးဆုံးအောင်မြင်ပြီးနောက် နိုင်ငံ့ဝန်ထမ်းအဖြစ် (၃)နှစ်ဆက်လက်တာဝန်ထမ်းဆောင်ခြင်းမရှိလျှင်သော်လည်းကောင်း၊ သတ်မှတ်ထားသော သင်တန်းလျော်ကြေးငွေ (၄၀၀၀၀၀ိ)(ကျပ်လေးသိန်းတိတိ)ကို ပေးလျော်မည်ဖြစ်ကြောင်း ကတိခံဝန်ချုပ် ချုပ်ဆိုရမည်ဖြစ်သည်။

၁၀။ သင်တန်းတက်ရောက်မည့်သူများသည် ဝန်ထမ်းများဖြစ်သဖြင့် သင်တန်းတက်နေစဉ် ကာလအတွင်း လစာအပြည့်ဖြင့် တာဝန်ထမ်းဆောင်ချိန် (On Duty) သတ်မှတ်ပေးမည်။

၁၁။ သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် ဆေးဘက်ဆိုင်ရာနည်းပညာသင်တန်းဝင်ခွင့် စာမေးပွဲကြေး ၁၀၀၀ိ/ (ကျပ်တစ်ထောင်တိတိ)ကို ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်၏ မြန်မာ့စီးပွားရေးဘဏ်၊ အင်းစိန်တွင် ဖွင့်လှစ်ထားသော MD-011670 သို့ ပေးသွင်းရမည်။

(မှတ်ချက်။။ မြို့နယ်စီးပွားရေးဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ် အင်းစိန်တွင် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန် ငွေစာရင်းအမှတ် MD-011670 သို့လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးပို့နိုင်ပါသည်။)

၁၂။ လျှောက်လွှာခေါ်ယူသည့် ကြေညာချက်အပြည့်အစုံနှင့် အသေးစိတ်အချက်အလက်များကို ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန် ဖုန်းနံပါတ် (၀၁-၆၄၅၇၅၃၊ ၀၁-၆၄၅၇၄၆)သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ (သို့မဟုတ်) ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်၏ website-www.umty.gov.mm သို့လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

(ပါမောက္ခဒေါက်တာအေးအေးခင်)
ခေတ္တပါမောက္ခချုပ်
ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်
ရန်ကုန်

ကြော်ငြာသင်ပုန်းများအားလုံး။
မိတ္တူကို-
၁။ ရုံးလက်ခံ။
၂။ မျှောစာတွဲ။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန

ဆေးဘက်ဆိုင်ရာ(ဓာတ်ခွဲနည်းပညာ၊ ဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)(ပေါင်းကူး)သင်တန်းများအတွက်

ဝင်ခွင့်လျှောက်လွှာ

၁ အမည်အပြည့်အစုံ (မြန်မာ/အင်္ဂလိပ်)

၂ လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ

၃ အမျိုးသားမှတ်ပုံတင်အမှတ်/နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

၄ မွေးသက္ကရာဇ်

၅ ပညာအရည်အချင်း

၆ (က) လုပ်သက်/အလုပ်စတင်ထမ်းဆောင်သည့်နေ့ရက်

(လစာမဲ့ခွင့်မပါ)

(ခ) အမှုထမ်းသက်မှတ်တမ်းအကျဉ်း

(ဂ) လက်ရှိရာထူးနှင့်တာဝန်ထမ်းဆောင်သည့်ဌာန

၇ အဖအမည်အပြည့်အစုံ

၈ အမျိုးသားမှတ်ပုံတင်အမှတ်/နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

၉ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ/ဖုန်းနံပါတ်

လျှောက်ထားသူလက်မှတ် -

အမည် -

ရာထူး -

ဌာန -